
စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# သာယာလှပတဲ့ ကမ္ဘာမြေသစ်

## မြန်မာပုံပြင်များ

**ကျော်မြင့်အေး**




mgyoe.com

mgyoe.com

# သာယာလှပတဲ့ ကမ္ဘာမြေသစ်

## မြန်မာပုံပြင်များ

**ကျော်မြင့်အေး**



LLT0089
1,500.00 KS

mgyoe.com

mgyoe.com

သာယာလှပတဲ့ကမ္ဘာမြေသစ် မြန်မာပုံပြင်များ ကျော်မြင့်အေး
မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော် - ဗိုသံ
စာမျက်နှာ ၉၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး 1500 K

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# သာယာလှပတဲ့ကမ္ဘာမြေသစ်

## မြန်မာပုံပြင်များ

## ကျော်မြင့်အေး

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | လိပ်ပြာလေးနှင့် ပန်းဥယျာဉ် | ၁ |
| ၂။ | သာယာလှပတဲ့ကမ္ဘာမြေ | ၅ |
| ၃။ | မကောင်းတဲ့ မိတ်ဆွေ | ၉ |
| ၄။ | ကြောင်နှင့်ကြွက် | ၁၃ |
| ၅။ | နွားနှင့်ကျား | ၁၇ |
| ၆။ | ကြောက်ခြင်းနှင့် လေးစားခြင်း | ၂၁ |
| ၇။ | ဦးနှောက်မရှိမိုက်မဲတဲ့မိတ်ဆွေ | ၂၅ |
| ၈။ | လောဘ | ၂၉ |
| ၉။ | သူတစ်ပါးအကျိုးဆောင် | ၃၃ |
| ၁၀။ | ရိုးသားခြင်းက အကောင်းဆုံးမူဝါဒ | ၃၇ |
| ၁၁။ | လူသားနှင့်ကျား | ၄၁ |
| ၁၂။ | ဆရာနှင့် တပည့်များ | ၄၅ |
| ၁၃။ | မိဘနှင့် သားသမီး | ၄၉ |
| ၁၄။ | မိဘမေတ္တာ | ၅၃ |
| ၁၅။ | ဆင်းရဲတဲ့ ရွာသားလေး မောင်နိုင်ဝင်း | ၅၇ |
| ၁၆။ | ရေကူးတတ်တဲ့ လူငယ်လေး | ၆၁ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၇။ | မီးသတ်ချင်တဲ့ ကောင်ကလေး | ၆၅ |
| ၁၈။ | အလုပ်ကြိုးစားတဲ့ ကောင်လေး | ၆၉ |
| ၁၉။ | လယ်သမားနဲ့ အလှပြိုင်ပွဲ | ၇၃ |
| ၂၀။ | လောဘကြီးတဲ့မုဆိုး | ၇၇ |
| ၂၁။ | ပျင်းရိတဲ့ပုရွက်ဆိတ် | ၇၉ |
| ၂၂။ | ခြင်္သေ့နှင့် ပိုးတောင်မာ | ၈၃ |
| ၂၃။ | ကမ္ဘာကြီးထဲက အဖိုးတန်ဆုံးရတနာ | ၈၇ |


❐

mgyoe.com

mgyoe.com

# လိပ်ပြာလေးနှင့် ပန်းဥယျာဉ်



mgyoe.com

mgyoe.com

တစ်ခါတုန်းက ပန်းဥယျာဉ်တစ်ခုထဲမှာ လိပ်ပြာလေးတစ်ကောင် ပျံဝဲရင်း ပန်းဝတ်ရည်တွေကို စုပ်ယူနေသတဲ့။ သူဟာ ပန်းဝတ်ရည်တွေကို စုပ်ယူပြီး သစ်ပင်တစ်ပင်ရဲ့ အကိုင်းတစ်ကိုင်းမှာ အနားယူနေတုန်း ပန်းပွင့်လေးတွေရဲ့ စကားပြောသံကို ကြားလိုက်ရသတဲ့။

"ဒီလောက်ကြီးမားတဲ့ ပန်းဥယျာဉ်ထဲမှာ လိပ်ပြာလေးတစ်ကောင်တည်းရှိနေတာ သူ့အတွက်တော့ ကံကောင်းတာပဲ"

"ဟုတ်တယ်။ သူက အရောင်အဝါလည်း လှပပြီး ထူးခြားတဲ့ လိပ်ပြာလေးတစ်ကောင်ပါ"

လိပ်ပြာလေးဟာ ပန်းပွင့်လေးတွေ အချင်းချင်းပြောဆိုနေသံကို ကြားလိုက်ရပြီးတဲ့နောက် သူဟာ သူ့ကိုယ်သူ ကံကောင်းတဲ့သူလို့ ထင်မှတ်သွားသတဲ့။ အဲ့ဒီနောက် သူက ထိုဥယျာဉ်ဟာ သူပိုင်တဲ့ဥယျာဉ်ပဲလို့ ဂုဏ်ယူဝင့်ကြွားနေတာပေါ့ကွယ်။

တစ်နေ့တော့ ဥယျာဉ်ထဲကို အခြားလိပ်ပြာငယ်လေးတစ်ကောင် ရောက်လာသတဲ့။ သူက အဲ့ဒီလိပ်ပြာလေးကို တွေ့တဲ့အခါ "ဟေ့... အဆွေတော် ဒါ ငါပိုင်တဲ့ဥယျာဉ်ကွ။ မင်း ဒီထဲကို ဝင်မလာသင့်ဘူး။ မင်းနေရာမင်း ပြန်သွားပါ။ ဒီပန်းပွင့်တွေဟာ မင်းနဲ့ ဘာမှမဆိုင်ဘူးကွ" လို့ ပြောဆိုမောင်းထုတ်လိုက်ပါတယ်။

အဲ့ဒီအခါ ထိုလိပ်ပြာလေးက သူ့ကို "နောင်ကြီးရယ် ပန်းဥယျာဉ်တွေ

mgyoe.com

mgyoe.com


ကို လူတွေက ဖန်တီးထားတာပါ။ နောင်ကြီး ဖန်တီးလို့ မရပါဘူး။ ကမ္ဘာပေါ်မှာရှိတဲ့ လိပ်ပြာတွေမှန်သမျှဟာ ပန်းဥယျာဉ်တွေမှာ နေထိုင်ခွင့်ရှိပါတယ်" လို့ ပြောပြလိုက်တယ်။

ဒါပေမဲ့ မာန်တက်နေတဲ့လိပ်ပြာက ဒါကို သဘောမပေါက်ဘူး။ သူက ပန်းဥယျာဉ်ကြီးဟာ သူပိုင်ဆိုင်တဲ့အရာတစ်ခုပဲလို့ ထင်နေခဲ့တယ်။ ညှို့သည်လိပ်ပြာလေးကို ကောင်းကောင်း ကြိုဆိုညှို့ခံခြင်းမရှိဘဲ အတင်းအကျပ်မောင်းထုတ်လိုက်တယ်။ ညှို့သည်လိပ်ပြာလေးဟာ စိတ်မကောင်းစွာနဲ့ဘဲ ဥယျာဉ်ကြီးကနေ ထွက်ခွာသွားခဲ့ပါတယ်။

လိပ်ပြာလေးဟာ အချိန်အတော်ကြာတဲ့အထိ ဥယျာဉ်ထဲမှာ တစ်ကောင်တည်း မွေ့ပျော်နေပါတယ်။ ရောင်စုံလှပတဲ့ပန်းပွင့်တွေကြားမှာ သူဟာ ပျော်မြူးပြီး သူ့ကိုယ်သူလည်း ဒီဥယျာဉ်ကြီးကို ကာကွယ်စောင့်ရှောက်နိုင်တဲ့ ရှင်ဘုရင်တစ်ပါးလို့ ထင်နေတာပေါ့။ တစ်နေ့ ညဘက်အချိန်မှာ လေပြင်းမုန်တိုင်းတွေ ကျလာပါတယ်။ ကောင်းကင်မှာ မိုးခြိမ်းသံတွေ ထွက်ပေါ်လာသလို လျှပ်နွယ်လျှပ်စီးတွေကလည်း တဖျတ်ဖျတ်နဲ့ပေါ့။ မိုးသက်မုန်တိုင်းဟာ ပြင်းထန်လာပြီး မြေပြင်ပေါ်မှာရှိတဲ့ အရာဝတ္ထုတော်တော်များများကို ပျက်စီးသွားစေခဲ့တယ်။ သစ်ပင်တချို့ဟာ အမြစ်ကနေကျွတ်ထွက်ပြီး လဲကျကုန်တယ်။ ဥယျာဉ်ထဲက လှပတဲ့ပန်းပွင့်လေးတွေဟာလည်း ကြွေကျပြီး တစ်စစီဖြစ်ကုန်တော့တယ်။ လိပ်ပြာလေးကိုယ်တိုင်လည်း တစ်ညလုံးလုံး ဆားလွတ်ရာနေရာတစ်ခုမှာနေရင်း မုန်တိုင်းကို အံတုခဲ့ရပါတယ်။

မိုးလင်းခါနီးအချိန်မှာ မုန်တိုင်းဟာ ပျောက်ကွယ်သွားခဲ့တယ်။ မိုးလင်းလာတော့ လိပ်ပြာလေးဟာ ပုန်းအောင်းနေရာက အပြင်လောကကို ထွက်လာပါတယ်။ သူ့ရဲ့ပတ်ဝန်းကျင်အနှံ့မှာတော့ အရာရာဟာ ပြိုလဲပျက်စီးနေပါတယ်။ ယခင်က ကမ္ဘာပေါ်မှာ အလှပဆုံးလို့ ထင်ထားခဲ့တဲ့ ပန်းဥယျာဉ်ကြီးဟာလည်း မရှိတော့ပါဘူး။ လှပတဲ့ပန်းပွင့်လေးတွေဟာလည်း မြေပြင်ပေါ်မှာ တစ်စစီဖြစ်နေကြပါပြီ။ သူပိုင်ဆိုင်တဲ့အရာမှန်သမျှကို မုန်တိုင်းက ခဏအတွင်းမှာ ဖျက်ဆီးပစ်နိုင်ခဲ့ပါတယ်။

ရက်အနည်းငယ်ကြာတော့ လူတွေရောက်လာပြီး ပန်းဥယျာဉ်ကြီးကို

mgyoe.com

mgyoe.com


ပြန်လည်ဖန်တီးနေကြပါပြီ။ သူတို့ဟာ ကြိုးကြိုးစားစားနဲ့ လုပတဲ့ ပန်းဥယျာဉ်ကြီးဖြစ်အောင် ပြုလုပ်နေကြပါတယ်။ လိပ်ပြာလေးဟာ သူတို့ကိုကြည့်ပြီး သူ့ကိုယ်သူ သဘောပေါက်လာပါတယ်။ ပန်းဥယျာဉ်ကြီးဟာ သူ့အပိုင်ဖြစ်ပြီး ဒီဥယျာဉ်ကြီးကို ကာကွယ်စောင့်ရှောက်နိုင်တဲ့ ဘုရင်တစ်ပါးပဲလို့ ထင်ခဲ့တာကိုလည်း နောင်တရလိုက်ပါတယ်။ နောက်ဆိုရင် အခြားလိပ်ပြာလေးတွေ ပန်းဥယျာဉ်ကြီးဆီကို လာတဲ့အခါမှာ အိမ်ရှင်ကောင်းဖြစ်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

❒

*သင်ခန်းစာ။ ။ မိမိရဲ့ကိုယ်အားဉာဏ်အားမပါဘဲရရှိလာတဲ့အရာပေါ်မှာ မိမိပိုင်ပစ္စည်းလိုတွေးပြီး ဂုဏ်ယူမနေသင့်ကြောင်း ဒီပုံပြင်က သင်ခန်းစာပေးပါတယ်။*

mgyoe.com

mgyoe.com

# သာယာလှပတဲ့ကမ္ဘာမြေ



mgyoe.com

mgyoe.com

ဟိုးရှေးရှေးတုန်းကပေါ့။ ကမ္ဘာမြေကြီးဟာ ယခုလို မဟုတ်ဘူး။ လူတွေဟာ လူရိုင်းတွေဖြစ်ကြပြီး ကမ္ဘာကြီးဟာလည်း သစ်ပင်တွေ၊ တောတွေကင်းမဲ့ကာ ကန္တာရကြီးတစ်ခုလို အလွန်ခြောက်သွေ့နေပါတယ်။ ကမ္ဘာမြေပြင်ဟာ ချစ်ချစ်တောက်ပူနေတယ်။ လူသားတွေ နေထိုင်ဖို့ အမှန်တကယ်သက်သောင့်သက်သာမရှိတဲ့ ကမ္ဘာကြီးဖြစ်တယ်။ မြစ်တွေ ချောင်းတွေကလည်း မရှိသလောက် ရှားပြီး သမုဒ္ဒရာကြီးဟာလည်း သာမန်ရေအိုင်ကြီးတစ်ခုမျှသာ ဖြစ်တယ်။ သီးနှံပင်တွေမရှိတာကြောင့် တိရစ္ဆာန်တွေကိုသာ သတ်ဖြတ်စားသောက်ရပြီး သောက်ဖို့ရေကလည်း ရှားပါးလွန်းလှပါတယ်။ မိုးကလည်း တစ်နှစ်ကို တစ်ကြိမ်လောက်သာရွာပြီး ကျန်အချိန်တွေမှာ ပူလောင်တဲ့ရာသီဥတုကိုသာ ခံစားရပါတယ်။

တစ်နေ့တော့ လူရိုင်းတွေထဲက အနည်းငယ်ဉာဏ်ပညာရှိတဲ့ ဂူးဂူးဟာ လူရိုင်းအုပ်စုတွေကိုခေါ်ပြီး အစည်းအဝေးတစ်ခုပြုလုပ်ပါတယ်။

"ငါတို့တစ်တွေ ဒီလိုနေလို့ မဖြစ်တော့ဘူး။ အစားအသောက်လည်း ပေါများအောင်၊ ရေလည်း ပေါပေါများများရအောင် တစ်ခုခု လုပ်ကြမှဖြစ်မယ်။ အဲ့ဒီတော့ ဒီလို လုပ်နိုင်ဖို့နည်းလမ်းကို ရှာတွေ့အောင် အုပ်စုလေးစုခွဲပြီး အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်တွေကို သွားကြရအောင်" လို့ ပြောလိုက်ပါတယ်။

သူက အဲ့ဒီလိုပြောတော့ အားလုံးသဘောတူကြပြီး ကမ္ဘာမြေစိမ်းလန်း

mgyoe.com

mgyoe.com


ပြီး အစားအသောက်ပေါများသာယာဖို့အတွက် အုပ်စုလေးစုခွဲကာ သက်ဆိုင်ရာ အရပ်ဒေသအသီးသီးဆီ ခရီးထွက်ခဲ့ကြပါတော့တယ်။ ပထမအုပ်စုက အရှေ့၊ ဒုတိယအုပ်စုက အနောက်၊ တတိယအုပ်စုက တောင်၊ နောက်ဆုံး စတုတ္ထအုပ်စုက မြောက်အရပ်ဆီကို ခရီးထွက်ခွာသွားခဲ့ကြပါတော့တယ်။

ပထမအုပ်စုဟာ ခရီးအကွာအဝေး တော်တော်ရောက်ခဲ့ပေမယ့် နေရာအနှံ့မှာ ကန္တာရကြီးကိုသာ တွေ့ရပြီး ဘာအကြံမှ ထုတ်လို့ မရခဲ့ပါဘူး။ ဒုတိယအုပ်စုကလည်း ထိုနည်းအတိုင်းပါပဲ။ ထို့အတူ တတိယအုပ်စုကလည်း ရှေ့က အုပ်စုနှစ်စုလိုပါပဲ။ ဒါပေမဲ့ မြောက်အရပ်ကိုသွားတဲ့အုပ်စုကိုဦးဆောင်တဲ့ ဂူးဂူးဟာ တစ်နေရာအရောက်မှာတော့ အပင်သေးသေးတစ်ပင်ကို တွေ့လိုက်ရပါတယ်။ အဲ့ဒီအပင်ဟာ ရေအနည်းငယ်သာရှိတဲ့ ရေအိုင်ရဲ့အနားမှာ ပေါက်နေတာပေါ့။ သူက ထိုအပင်လေးမှာ သီးနေတဲ့ အသီးကို စားကြည့်လိုက်တယ်။ ထိုအသီးက ချိုမြပြီး ရေငတ်ပြေစေပါတယ်။ သူက ထိုအပင်လေးဟာ ဘာ့ကြောင့်များ ရေအိုင်ရဲ့အနားမှာ ပေါက်နေတာလဲဆိုတာကို အချိန်အတန်ကြာ စဉ်းစားကြည့်ရင်း အကြောင်းရင်းကို သိရှိသွားပါတော့တယ်။

အပင်လေးဟာ ရေအိုင်ထဲက ရေရဲ့တစ်နည်းတစ်ဖုံ ထောက်ပံ့ကူညီမှုကြောင့် ရှင်သန်နေတာဖြစ်တယ်လို့ သဘောပေါက်ပြီး အပင်လေးကသီးတဲ့ အစေ့တွေကို ထိုနေရာတစ်ဝိုက်မြေပြင်ပေါ်မှာ ကြဲချထားလိုက်ပါတယ်။ ရက်အနည်းငယ်ကြာမှာတော့ အပင်သေးသေးလေးတွေ ပေါက်လာပါတယ်။ သူနဲ့အတူပါလာတဲ့ လူတွေဟာ ပျော်ရွှင်လာကြပြီး အပင်တွေများများ စိုက်ဖို့ ကြိုးစားလာကြပါတော့တယ်။ ဒီလိုနဲ့ သူတို့နေထိုင်တဲ့ဒေသဟာ အပင်တွေနဲ့ စိမ်းလန်းစိုပြည်လာသလို ရေအိုင်လေးတွေကလည်း တဖြည်းဖြည်းနဲ့ ပြည့်လျှံသထက် ပြည့်လျှံလာကာ ရေအိုင်ကြီးတစ်ခုဖြစ်လာပါတော့တယ်။ အဲ့ဒီနောက် မိုးတွေကလည်း မကြာခဏ ရွာသွန်းလာပြီး ပျော်ရွှင်စရာကောင်းတဲ့ဒေသကြီးတစ်ခု ဖြစ်လာပါတော့တယ်။

သူတို့ဟာ ယခင်ကလို တိရစ္ဆာန်တွေကို ဖမ်းဆီးသတ်ဖြတ်စားသောက်ခြင်း မရှိကြတော့ပါဘူး။ သီးနှံပင်တွေကနေရတဲ့ အသီးအနှံတွေကိုပဲ ချက်ပြုတ်စားသောက်ပြီး ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းကြီးတစ်ခု

mgyoe.com

mgyoe.com


ဖြစ်လာပါတော့တယ်။ သူတို့က ဉာဏ်ပညာရှိတဲ့ဂူးဂူးကို သူတို့ရဲ့အုပ်စု ခေါင်းဆောင်တင်မြှောက်လိုက်ကြပါတယ်။ ဂူးဂူးဟာ နောက်လိုက်လူရိုင်းတွေကို ဉာဏ်ပညာရှိအောင်၊ ယဉ်ကျေးအောင် ဆုံးမသွန်သင်ပေးရင်း ၎င်းတို့ထဲက မွေးဖွားလာတဲ့ ကလေးတွေက တဖြည်းဖြည်းနဲ့ အသိဉာဏ်တွေ၊ အတွေးအခေါ်တွေ မြင့်မားလာသလို ကိုယ်ပိုင်ဘာသာစကားနဲ့စာပေ၊ အသိပညာအတတ်ပညာနဲ့ ယဉ်ကျေးမှုတွေကိုပါ ဖန်တီးလာနိုင်တဲ့ လူ့ယဉ်ကျေးမှုကြီးတစ်ခုကို တည်ဆောက်လာနိုင်ပါတော့တယ်။

❒

---

*သင်ခန်းစာ။ ။ လူ့ရဲ့အသိပညာနဲ့ ဉာဏ်ပညာဟာ ကမ္ဘာမြေကြီး စိမ်းလန်းသာယာဖို့အတွက် အရေးအကြီးဆုံးဆိုတာကို ဒီပုံပြင်က သင်ခန်းစာ ပေးပါတယ်။*

mgyoe.com

mgyoe.com

# မကောင်းတဲ့ မိတ်ဆွေ



mgyoe.com

mgyoe.com

ရှေးရှေးတုန်းက တောကြီးတစ်ခုမှာ တိရစ္ဆာန်မျိုးစုံ နေထိုင်ကြသတဲ့။ သူတို့ဟာ တစ်ကောင်နဲ့တစ်ကောင် ချစ်ချစ်ခင်ခင်ရှိလှပြီး ဘယ်တော့မှ ရန်မဖြစ်ကြပါဘူး။ ခွန်အားကြီးတဲ့သူက ခွန်အားငယ်တဲ့သူကို အနိုင်ကျင့်ခြင်းလည်း မရှိကြပါဘူး။ တိရစ္ဆာန်တွေထဲမှာ ခွန်အားကြီးမားတဲ့ ဆင်၊ ခြင်္သေ့၊ ကျားတို့က တောအုပ်ကြီးကို အကာအကွယ်ပေးပြီး ဉာဏ်ပညာရှိတဲ့ ဇီးကွက်ကတော့ အကြံပေးတဲ့သူပေါ့။ အားလုံးဟာ ကိုယ့်အလုပ်ကိုယ်လုပ်ပြီး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ရှိကြပါတယ်။

တစ်နေ့တော့ မြေခွေးတစ်ကောင်ဟာ တိရစ္ဆာန်တစ်ကောင်နဲ့ တစ်ကောင် ချစ်ချစ်ခင်ခင်နေကြတာကို မနာလို မရှုစိမ့်ဖြစ်လာပါတယ်။ သူက သူ့ထက် ခွန်အားသေးငယ်တဲ့ တိရစ္ဆာန်တွေကို အနိုင်ကျင့် သတ်ဖြတ်စားသောက်လိုစိတ်ဖြစ်လာပါတယ်။ တိရစ္ဆာန်တွေ တစ်ကောင်နဲ့တစ်ကောင် မတည့်အောင် ဘယ်လိုလုပ်ရမလဲဆိုပြီးလည်း တစ်ချိန်လုံး စဉ်းစားတွေးတောနေခဲ့ပါတယ်။ ဒီလိုနဲ့ ရက်တွေကြာသွားခဲ့တယ်။

သာယာတဲ့ ညနေခင်းတစ်ခုမှာ သူဟာ အေးအေးလူလူ လမ်းလျှောက်လာရင်း ဆင်ကြီးတစ်ကောင်နဲ့ တွေ့ပါတယ်။ သူက ဆင်ကြီးကို "မိတ်ဆွေ၊ ဘယ်သွားမလို့လဲ။ မတွေ့တာကြာပြီနော်" လို့ နှုတ်ဆက်လိုက်တယ်။ ဆင်ကြီးကလည်း သူ့ကို ပြန်ပြီး နှုတ်ဆက်လိုက်တယ်။ သူတို့နှစ်ယောက် အပြန်အလှန် စကားပြောဆိုကြရင်း သူက "ဆင်ကြီးရယ်၊ ခင်ဗျားက ခွန်အား

mgyoe.com

mgyoe.com



ရှိတာပဲ။ တောထဲမှာ ဘယ်တိရစ္ဆာန်ကိုမဆို အနိုင်ယူနိုင်တာပဲ။ တိရစ္ဆာန်လေးတချို့ရဲ့ အသားက ချိုပြီး အရသာရှိတယ်ဗျ။ စားကြည့်ပါလား” လို့ မြှောက်ထိုးပင့်ကော် ပြောလိုက်တယ်။

ဆင်ကြီးကတော့ ကောက်ကျစ်စဉ်းလဲတဲ့ မြေခွေးကိုကြည့်ပြီး ပြုံးတယ်။ သူက မြေခွေးရဲ့ အကြံအစဉ်ကို သဘောပေါက်ပြီး “အသင်မြေခွေး... ကျွန်တော်က ခွန်အားကြီးတယ်ဆိုပေမယ့် အင်အားနည်းတဲ့သူတွေအပေါ်မှာ အနိုင်ကျင့်လိုစိတ် မရှိပါဘူး။ ဒါကြောင့် အသင့်ရဲ့အကြံကို နားထောင်မှာ မဟုတ်ဘူး” လို့ ပြောပြီး သူ့လမ်းသူ ဆက်လျှောက်သွားပါတယ်။

ဆင်ကြီးရဲ့ ငြင်းပယ်ခြင်းကို ခံလိုက်ရတဲ့ မြေခွေးဟာ စိတ်ဓာတ်ကျသွားတယ်။ ဒါပေမဲ့ အတော်လေးကြာတော့ သူက အကြံတစ်ခုရသွားတယ်။ လိုဏ်ဂူထဲမှာနေတဲ့ ခြင်္သေ့တစ်ကောင်ဆီသွားပြီး သူ့ရဲ့ ကောက်ကျစ်စဉ်းလဲတဲ့ အကြံအစည်ကို ပြောပြဖို့ပဲပေါ့။

လိုဏ်ဂူထဲကို ဝင်သွားတဲ့အခါ သက်သောင့်သက်သာ ထိုင်နေတဲ့ ခြင်္သေ့ကြီးကို တွေ့ပါတယ်။ မြေခွေးက ခြင်္သေ့ကြီးကို နှုတ်ဆက်လိုက်တယ်။ ခြင်္သေ့ကြီးကလည်း မြေခွေးကို နှုတ်ဆက်လိုက်ပါတယ်။ အဲဒီနောက်တော့ မြေခွေးက သူ့ရဲ့ အကြံအစည်ကို ပြောပြပါတယ်။

“မိတ်ဆွေ ခြင်္သေ့ကြီး၊ အသင်က ဒီတောထဲမှာဆိုရင် ခွန်အားအကြီးဆုံးဖြစ်ပေမယ့် ဒီတောထဲက သတ္တဝါတွေက သင့်ကို မကြောက်ကြဘူး။ တချို့ဆို သင့်ကွယ်ရာမှာ သင့်ရဲ့အတင်းကို ပြောကြတယ်။ ခွန်အားကြီးပေမယ့် ဘာမှအသုံးမကျဘူးတဲ့။ သူတို့က သင့်ကို အထင်သေးကြတယ်။ သင့်မှာ ခွန်အားဘယ်လောက်ရှိတယ်ဆိုတာ သူတို့ကိုပြပြီး သူတို့ရဲ့ အသားကို စားကြည့်ပါလား။ သူတို့ရဲ့အသားက အရသာရှိတာ မသိဘူးလား”

“မြေခွေးရဲ့ ကောက်ကျစ်တဲ့စကားကို နားဝင်သွားတဲ့ ခြင်္သေ့ဟာ ဒေါသထွက်လာပါတယ်။ သူက “မင်းပြောတာ မှန်တယ်။ ငါ့လို ခွန်အားရှိတဲ့သူက ဒီတောရဲ့ဘုရင်ဖြစ်သင့်တာ။ မင်းအကြံပေးသလိုပဲ သူတို့ကို သတ်ပြီး သူတို့ရဲ့အသားကို မြည်းကြည့်တာပေါ့ကွာ” လို့ ပြောလိုက်ပါတယ်။ မြေခွေးဟာ သူ့ရဲ့ အကြံအောင်ပြီဆိုပြီး ပျော်နေတော့တာပေါ့။

mgyoe.com

mgyoe.com


အဲဒီအချိန်မှာ ခြသေ့်ကြီးဟာ တစ်တောလုံးကြားအောင် ဟိန်းဟောက်မာန်ဖီလိုက်ပါတယ်။

ခြသေ့်ကြီးရဲ့ ဟိန်းဟောက်သံကို ကြားရတဲ့ တိရစ္ဆာန်တွေဟာ တစ်ခုခု ထူးခြားပြီလို့ သိလိုက်ရတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က ဒီအသံကို အရင်က တစ်ခါမှ မကြားခဲ့ရဖူးဘူးလေ။ မြေခွေးရဲ့ ကောက်ကျစ်စဉ်းလဲတဲ့ စကားကို ကြားခဲ့ရတဲ့ ဆင်ကြီးကတော့ မြေခွေးဟာ ခြသေ့်ကြီးဆီကိုသွားပြီး သူ့ရဲ့မကောင်းတဲ့ အကြံအစည်တွေ ပြောပြလိုက်ပြီဆိုတာကို သဘောပေါက်သွားပါတယ်။ ဒါကြောင့် သူဟာ ကျန်တဲ့ တိရစ္ဆာန်လေးတွေရဲ့ အသက်အန္တရာယ်ကို စိုးရိမ်လာပါတယ်။ ဘာပဲဖြစ်ဖြစ် သူတို့တစ်တွေကို ဒီအကြောင်း ပြောပြဖို့ ဆုံးဖြတ်လိုက်ပါတယ်။

"မိတ်ဆွေတို့ရေ... ခြသေ့်ကြီးကို ဝေးဝေးက ရှောင်ပေတော့။ သူဟာ မြေခွေးရဲ့ ကောက်ကျစ်စဉ်းလဲတဲ့စကားကို ယုံကြည်ပြီး အသင်တို့ကို သတ်ဖြတ်စားသောက်တော့မယ်။ သူက ခွန်အားကြီးလို့ သင်တို့ အားလုံးကို အနိုင်ယူနိုင်တယ်။ ဒါကြောင့် သူ့ရဲ့ လိုဏ်ဂူနား ဘယ်တော့မှ မသွားကြပါနဲ့" လို့ ဆင်ကြီးက သတိပေးလိုက်ပါတယ်။

အဲဒီအချိန်ကစပြီး တိရစ္ဆာန်တွေဟာ ခြသေ့်ကြီးနဲ့ မြေခွေးကို မပေါင်းသင်းတော့ဘဲ ဝေးဝေးက ရှောင်ကြပါတော့တယ်။ ခြသေ့်နဲ့ မြေခွေးတို့ဟာ တောထဲမှာ မကောင်းတဲ့သူတွေအဖြစ် တစ်သက်လုံး နေထိုင်သွားခဲ့ရပါတော့တယ်။

❒

---

*သင်ခန်းစာ- ကောက်ကျစ်စဉ်းလဲတဲ့ အကြံအစည်ရှိတဲ့မိတ်ဆွေဟာ အန္တီးကပ်ဆုံးရန်သူဖြစ်တယ်လို့ ဒီပုံပြင်က သင်ခန်းစာ ပေးပါတယ်။*

mgyoe.com

mgyoe.com

# ကြောင်နှင့်ကြွက်



mgyoe.com

mgyoe.com

တစ်ခါတုန်းက လူ၊ ကြောင်နဲ့ ကြွက်တို့ဟာ မိတ်ဆွေကောင်းတွေ ဖြစ်ကြတယ်။ သူတို့ဟာ တစ်ဦးနဲ့တစ်ဦး ရန်ဖြစ်ကြခြင်း မရှိဘဲ ပျော်ရွှင်ငြိမ်းချမ်းစွာ အတူနေထိုင်ကြတယ်။ လူဟာ အသိဉာဏ်ရှိတဲ့အတွက် ကြောင်နဲ့ကြွက်ကို ကောင်းစွာဦးဆောင်နိုင်ခဲ့ပါတယ်။

တစ်နေ့တော့ ကြောင်နဲ့ကြွက်တို့ဟာ အကြောင်းအရာတစ်ခုနဲ့ ပတ်သက်ပြီး စကားများကြတယ်။

"အဆွေကြွက် သင့်ကို လူတွေ ဒီလောက်ကျေးမွေးထားပါလျက်နဲ့ ဘာဖြစ်လို့ လူတွေမသိအောင် သူတို့ရဲ့အစားအသောက်တွေကို ခိုးဝှက်စားချင်ရပါသလဲ။ ဒါဟာ မိတ်ဆွေကောင်းတွေအပေါ် သစ္စာဖောက်တာပဲ" လို့ ကြောင်က ပြောပါတယ်။

"အဆွေကြောင် သင်နဲ့ ကျွန်ုပ်က မတူကြပါဘူး။ လူတွေက သင့်ကို အမြဲဦးစားပေးဆက်ဆံကြတယ်။ သူတို့တစ်တွေ စားကောင်းသောက်ဖွယ်တွေ စားကြတဲ့အခါ သင့်ကို အလျင်ဦးဆုံးကျွေးတယ်။ ပြီးတော့မှ ကျွန်ုပ်ကို ကျွေးတယ်။ အထူးသဖြင့်တော့ သင်ဟာ သူတို့ရဲ့အိပ်ရာပေါ်မှာ သူတို့နဲ့ အတူတူ အိပ်ခွင့်ရတာပါပဲ။

"အဆွေကြွက် လူတွေက ကျွန်ုပ်ကို ဦးစားပေးဆက်ဆံကြတယ်ဆိုပေမယ့်လည်း ကျွန်ုပ်တို့အပေါ်ကို တရားမျှတမှုရှိပါတယ်။ ဥပမာ ကျွန်ုပ်က ငါးကြော်အပါအဝင် အစားအသောက်ကောင်းတချို့ကို သူတို့မသိအောင်

mgyoe.com

mgyoe.com


ခိုးစားတဲ့အခါ သူတို့က ကျွန်ုပ်ကို ရိုက်နှက်ပြီး အပြစ်ပေးလေ့ရှိပါတယ်။ ဒါပေမဲ့ သင်ကတော့ သူတို့မသိအောင် ခိုးစားပေမယ့် အပြစ်ပေးမခံရအောင် ထွက်ပြေးတာတော့ မကောင်းဘူးပေါ့"

ဒီလိုနဲ့ ကြောင်နဲ့ကြွက်တို့ဟာ အချိန်အတော်ကြာ စကားများကြပြီးတဲ့နောက် ပြန်တည့်သွားခဲ့ကြပါတယ်။ ကြွက်က နောင်ဒီလိုမလုပ်ပါဘူးလို့ ကတိပေးလိုက်တယ်။ ကြောင်ကလည်း ကြွက်ဟာ အကယ်၍ လူတွေမသိအောင် ခိုးစားမိရင်တောင် သူ့ကို အပြစ်မပေးနိုင်ဖို့ ထွက်မပြေးပါဘူးဆိုတဲ့ ကတိကို တောင်းခဲ့ပါတယ်။ ကြွက်ကတော့ လွယ်လွယ်နဲ့ပဲ ဒီကတိကို ပေးလိုက်ပါတယ်။

တစ်နေ့တော့ ကြွက်ဟာ လူတွေမသိအောင် စားကောင်းသောက်ဖွယ်တွေ ခိုးစားပြန်တော့တယ်။ ကြောင်က တွေ့သွားတဲ့အခါ

"အဆွေကြွက် သင် ခိုးစားပြန်ပြီ။ သင့်လုပ်ရပ်အတွက် လူတွေ အပြစ်ပေးတာကို ခံယူလိုက်ပါ" လို့ ပြောလိုက်တယ်။

ဒါပေမဲ့ လူတွေက ကြောင်ကို အပြစ်ပေးရင်တောင် တုတ်နဲ့နာနာ ရိုက်ပြီး အပြစ်ပေးတာကို ကြွက်က သိထားတာကြောင့် သူဟာ အဲ့ဒီလိုအပြစ်ပေးခံရမှာကို ကြောက်နေပါတယ်။ ဒါကြောင့် ဘာမပြောညာမပြောနဲ့ ထွက်ပြေးသွားပါတော့တယ်။

ကြောင်ဟာ ပထမတော့ ကြောင်သွားတယ်။ ဒါပေမဲ့ ကြွက်ရဲ့လုပ်ရပ်ဟာ မှားနေပြီလို့သိတာကြောင့် သူ့နောက်ကို အပြေးလိုက်ပါတော့တယ်။ ကြောင်ဟာ ကြွက်ထက်အပြေးမြန်တာကြောင့် သိပ်မကြာပါဘူး ကြွက်ကို မိသွားပါတော့တယ်။ ကြောင်ရဲ့လက်ထဲမှာ ပြေးမလွတ်နိုင်တဲ့ကြွက်က ကြောင်ကို ပြန်လည်တိုက်ခိုက်ဖို့ ကြိုးစားပါတယ်။ ကြောင်ကလည်း ကြွက်ကို သူ့ရဲ့လက်သည်းတွေနဲ့ကုတ်ပြီး ကြွက်ကို ကိုက်လိုက်ပါတယ်။ ကြွက်ဟာ ကြောင်ထက် လွန်စွာသေးငယ်ပြီး အင်အားချင်းမမျှတာကြောင့် ကြောင်ကိုက်လိုက်တဲ့ဒဏ်ရာနဲ့ ပွဲချင်းပြီး သေဆုံးသွားပါတယ်။

ကြွက်သေသွားတာကို သိလိုက်ရတဲ့ကြောင်ဟာ ပထမတော့ ဘာလုပ်ရမှန်း မသိပါဘူး။ ကြွက်ကို သူသတ်လိုက်မှန်း လူက သိသွားရင် သူ့ကို အလွန်ပြင်းထန်တဲ့အပြစ်ပေးတော့မှာကို စိုးရိမ်လာပါတယ်။ ပြီးတော့

mgyoe.com

mgyoe.com

သူကိုယ်တိုင်လည်း ကြွက်နောက်ကို ပြေးလိုက်ရလို့ မောပန်း ဆာလောင်နေပါတယ်။ နောက်ဆုံးတော့ ကြောင်ဟာ သေနေတဲ့ကြွက်ကို စားပစ်လိုက်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ ဒါမှ သူက ကြွက်ကို သတ်လိုက်မှန်း လူက မသိဘဲနေမှာပေါ့။

ကြွက်ကို စားလိုက်ရတဲ့ကြောင်ဟာ ကြွက်ရဲ့အသားက အလွန်ကောင်းမှန်း သိသွားပါတယ်။ အဲ့ဒီနောက်တော့ ကြောင်တွေဟာ ကြွက်ကို တွေ့တာနဲ့ ပြေးလိုက်ပြီး သတ်ဖြတ်စားသောက်ကြပါတော့တယ်။ ကြွက်တွေကလည်း လူတွေစားသောက်တဲ့ အစားအသောက်တွေကို ခိုးဝှက်ပြီး စားသောက်တတ်လာတယ်။ ကြောင်တွေကလည်း ကြွက်တွေကို အပြစ်ပေးတယ်ဆိုပြီး တွေ့တာနဲ့ ဖမ်းဆီးသတ်ဖြတ်စားသောက်ကြပါတော့တယ်။ ကြောင်နဲ့ကြွက်တို့ဟာ ကမ္ဘာတည်သရွေ့ မဟာရန်သူကြီးတွေ ဖြစ်သွားခဲ့ကြတာပေါ့ကွယ်။

❒

---

*သင်ခန်းစာ။ ။ မနာလိုစိတ်နဲ့မကောင်းတဲ့ အကျင့်စရိုက်ကို မပြုပြင်တတ်ခြင်းက ဆိုးရွားတဲ့ရလဒ်တွေဖြစ်လာနိုင်ပါတယ်။*

mgyoe.com

mgyoe.com

# နွားနှင့်ကျား



mgyoe.com

mgyoe.com

တစ်ခါတုန်းက လယ်သမားကြီးတစ်ဦးထံမှာ နွားတစ်ကောင်ရှိပါတယ်။ ထိုနွားဟာ လယ်သမားကြီးအတွက် လယ်ယာမြေအလုပ်မှာ အားကိုးရတဲ့တိရစ္ဆာန်တစ်ကောင်ပါပဲ။ ဒါပေမဲ့ သူဟာ တစ်နေကုန် ပင်ပင်ပန်းပန်းလုပ်ရတဲ့အတွက် ပျော်ရွှင်မှုတော့ မရှိပါဘူး။ သခင်လက်ထဲကနေ လွတ်မြောက်အောင်ကြိုးစားပြီး လွတ်လွတ်လပ်လပ်နေချင်စိတ် ရှိခဲ့ပါတယ်။

တစ်နေ့တော့ လယ်ထဲမှာ အလုပ်လုပ်ရင်း သူ့သခင်က သူ့ကို ခေတ္တအနားပေးလိုက်ပါတယ်။ အဲ့ဒီအချိန်မှာ သူ့သခင်ဆီကို လူတစ်ယောက် ရောက်လာပါတယ်။

"ကိုဘတိုးရေ ခင်ဗျားရဲ့နွားကို ဒီ့ထက်ပိုပြီး ဂရုစိုက်နော်။ တစ်နေ့က ကျွန်တော်တို့ရွာနားကို ကျားတစ်ကောင်ဝင်လာပြီး ဒေါ်လေးညိုရဲ့ နွားတစ်ကောင်ကို ဆွဲသွားတယ်ဗျ" လို့ ထိုလူက ပြောပြပါတယ်။

"ဟုတ်ကဲ့။ ဒါကြောင့်လည်း ကျွန်တော့်နွားကို ဒီ့ထက်ပိုပြီး ဂရုစိုက်နေရတာပေါ့ဗျာ"

သခင်နဲ့ ထိုလူ အပြန်အလှန်ပြောဆိုနေသံကို နွားက ကြားသွားပါတယ်။ သူတို့ပြောတဲ့စကားတွေထဲမှာ ကျားသတ္တဝါလည်း ပါတယ်၊ ဝင်ဆွဲသွားတယ်ဆိုတာလည်း ပါတယ်။ သေသေချာချာ သူနားမလည်။ သို့သော် သူက ကျားသတ္တဝါကိုတော့ မြင်ဖူးချင်နေပါတယ်။

တစ်နေ့ သခင်က သူ့ကို ယာခင်းအနီးမှာ ခဏလောက်အနားပေးပြီး

mgyoe.com

mgyoe.com


အရိပ်ကောင်းတဲ့ သစ်ပင်တစ်ပင်အောက်မှာ ခေတ္တအနားယူပါတယ်။ သူက သခင်ကို အကဲခတ်ကြည့်လိုက်ပြီး သူ့သခင်အိပ်မောကျနေပြီဆိုတာ လုံးဝ သိသွားပါတယ်။ ထိုအခါ သူက အခွင့်အရေးကို လုံးဝလက်လွှတ်မခံတော့ဘဲ မလှမ်းမကမ်းက တောအုပ်ဘက်ကို ထွက်ခွာသွားပါတယ်။

အတန်ကြာတဲ့အခါ သခင်မှာ အိပ်ပျော်ရာက နိုးလာပြီး နွားကို မတွေ့လို့ စိတ်ပူကာ လိုက်ရှာပါတယ်။ ထိုအချိန်မှာ တောအုပ်ဘက်ကနေ လူတစ်ယောက် ပြေးလာတာကို တွေ့လိုက်ရပါတယ်။ ထိုလူက သူ့အနီးကို ရောက်တဲ့အခါ "ကိုဘတိုးရေ ခင်ဗျားနွားနဲ့တူတယ်ဗျ။ ကျားတစ်ကောင် ကိုက်ဆွဲသွားတာ တွေ့လိုက်ရတယ်" လို့ ပြောပါတယ်။ ကိုဘတိုးဟာ တောအုပ်ဘက်ကို အမြန်ဆုံးပြေးလိုက်သွားပေမယ့်လည်း ကျားရဲ့အရိပ် အယောင်ကိုတောင် မတွေ့ရတော့ပါဘူး။ ဒါပေမဲ့ တောအုပ်အစပ်မှာတော့ နွားရဲ့သွေးစတချို့ကိုတော့ တွေ့လိုက်ရပါတယ်။ သူ့ရဲ့နွားဟာ ကျားကိုက် တာကို ခံလိုက်ရပြီဆိုတာ သေချာသွားပါတယ်။

❒

---

*သင်ခန်းစာ။ ။ အတွေ့အကြုံရှိတဲ့လူတွေရဲ့ သတိပေးပြောစကားကို ဂရုစိုက်ခြင်းမရှိဘဲ မိမိထင်ရာကို လုပ်ခြင်းဟာ ဘေးအန္တရာယ်နဲ့တွေ့ကြုံပြီး အသက်ပါ ဆုံးရှုံးရနိုင်ကြောင်း ကို ဒီပုံပြင်က သင်ခန်းစာ ပေးပါတယ်။*

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ကြောက်ခြင်းနှင့် လေးစားခြင်း



mgyoe.com

mgyoe.com

ဟိုးရှေးရှေးတုန်းက တိုင်းပြည်တစ်ပြည်မှာ အလွန်ရက်စက်ကြမ်းကြုတ်တဲ့ ဘုရင်ကြီးတစ်ပါးရှိသတဲ့။ သူ့နာမည်ကို မင်းနဂါးလို့ ခေါ်ပါတယ်။ တိုင်းသူပြည်သားတွေ အားလုံးကတော့ သူ့ရဲ့ ရက်စက်ကြမ်းကြုတ်မှုကြောင့် သူ့ကို ကြောက်ရွံ့နေကြပါတယ်။

ဘုရင်ကြီးဟာ တိုင်းသူပြည်သားတွေကို တတ်နိုင်သမျှ နည်းလမ်းမျိုးစုံနဲ့ နှိပ်စက်ရုံမက၊ တိုင်းပြည်ထဲမှာရှိတဲ့ တိရစ္ဆာန်တွေကိုပါ နှိပ်စက်သတ်ဖြတ်တတ်ပါသေးတယ်။ သူဟာ သူ့မိသားစုကလွဲရင် ဘယ်သူ့ကိုမှ ကြင်နာသနားတတ်တဲ့ စိတ်မရှိပါဘူး။ ဒါကြောင့်လည်း တိုင်းသူပြည်သားတွေဟာ အမြဲတမ်း စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်နေကြရတာပေါ့။

ဘုရင်ကြီးမှာ ဝါတိုးလို့ခေါ်တဲ့ ခွေးတစ်ကောင် ရှိပါတယ်။ အလွန်လှပတဲ့ ခွေးလေးတစ်ကောင်ပေါ့၊ ဘုရင်ကြီးက အဲဒီခွေးကို ဘယ်အရာထက်မဆို ပိုပြီးချစ်နေပါတယ်။ ခွေးလေးကို သူ့အနားမှာ အမြဲတမ်းထားပြီး ထမင်းစားတာတောင် အတူတူစားသောက်ပါတယ်။ တစ်နေ့မနက်မှာတော့ ခွေးလေးဝါတိုး သေဆုံးသွားခဲ့ပါတယ်။ ဘုရင်ကြီးဟာ အလွန်ပဲ ပူဆွေးသောကရောက်ခဲ့ရပါတယ်။ သူဟာ ခွေးလေးအတွက် အသုဘအခမ်းအနားကို စီစဉ်ပေးလိုက်တယ်။ တစ်နိုင်ငံလုံးရှိ လူတွေက ထိုအသုဘအခမ်းအနားကို လာကြပါတယ်။ လူတွေက သူ့ကို အရမ်းချစ်တယ်လို့ တွေးပြီး ဘုရင်ကြီးဟာ အလွန်ပျော်ရွှင်သွားခဲ့ပါတယ် သူဟာ ကမ္ဘာကြီးမှာ လူသိ

mgyoe.com

mgyoe.com


အများဆုံး ဘုရင်တစ်ပါးဖြစ်တယ်လို့ ယုံကြည်သွားခဲ့တယ်။

ရက်အနည်းငယ် ကြာပြီးတဲ့နောက်မှာ ဘုရင်ကြီး မင်းနဂါးလည်း နတ်ရွာစံသွားခဲ့ပါတယ်။ ဒါပေမဲ့ ထူးဆန်းတာက ဘုရင်ကြီးရဲ့ အသုဘ အခမ်းအနားကို ဘယ်သူမှ မလာကြတော့တာပါပဲ။

❐

*သင်ခန်းစာ -   မိမိရဲ့တန်ခိုးအာဏာနဲ့ လူတွေကို ကြောက်ရွံ့သွားအောင် လုပ်လို့ရပေမယ့် လေးစားမှုရှိလာအောင် လုပ်လို့မရဆိုတာကို ဒီပုံပြင်က သင်ခန်းစာ ပေးပါတယ်။*


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဦးနှောက်မရှိ မိုက်မဲတဲ့မိတ်ဆွေ



mgyoe.com

mgyoe.com

တစ်ခါတုန်းက စိမ်းစိုစိုမြက်ခင်းပြင်ရှိတဲ့ နေရာတစ်ခုမှာ သမင်တစ်ကောင် ပျော်ရွှင်စွာ နေထိုင်သတဲ့။ တစ်နေ့မှာတော့ သူဟာ မကျန်းမမာဖြစ်လာပါတယ်။ တစ်ရက်နှစ်ရက်အတွင်းမှာပဲ သူဟာ သူ့ရဲ့ကိုယ်လုံးကို လှုပ်ရှားလို့မရနိုင်လောက်အောင် အလွန်အားနည်းချည့်နဲ့လာပါတယ်။ ဒါကြောင့် သူ့ရဲ့မိတ်ဆွေထံကို သတင်းစကားပြောဖို့ အခြားတိရစ္ဆာန်တွေဆီ အကူအညီတောင်းပါတယ်။

ချက်ချင်းပဲ သူနာမကျန်းဖြစ်တဲ့သတင်းဟာ နေရာအနှံ့ပျံ့နှံ့သွားပြီး သူ့ရဲ့မိတ်ဆွေများဟာ သူ့ရဲ့ကျန်းမာရေးအခြေအနေကို မေးမြန်းဖို့ ရောက်ရှိလာခဲ့ကြပါတယ်။ ထင်ရှားတာက သူတို့အားလုံးဟာ သမင်တွေပဲ ဖြစ်ကြပါတယ်။ သူတို့က သူ့အတွက် အလွန်ပဲ စိုးရိမ်ပူပန်နေကြတယ်။ ဒါကြောင့် သူနဲ့အတူနေပြီး ပြုစုပေးဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

ရက်အနည်းငယ်အတွင်းမှာ သူတို့ဟာ ထိုနေရာက မြက်တွေ အားလုံးကို စားသောက်ပစ်ကြတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့အားလုံးဟာ မြက်စားတဲ့သတ္တဝါတွေဖြစ်နေကြလို့ပါပဲ။ သူတို့ရဲ့အရေအတွက်ဟာ အလွန်များပြားတာကြောင့် မြက်တစ်ပင်တောင် မကျန်ရစ်ခဲ့တော့ပါဘူး။

မကြာခင်မှာပဲ သမင်ဟာ နေကောင်းစပြုလာပါတယ်။ သူနေကောင်းလာတာကိုကြည့်ပြီး သူ့ရဲ့မိတ်ဆွေတွေဟာ သူ့ဆီကနေ တစ်ကောင်ပြီး တစ်ကောင် ထွက်ခွာသွားကြပါတယ်။ နောက်ဆုံးမှာ သမင်ဟာ တစ်ကောင်

mgyoe.com

mgyoe.com


တည်း ကျန်ရစ်ခဲ့တယ်။ ဒါပေမဲ့ သမင်ဟာ ကောင်းကောင်းလှုပ်ရှားလို့ မရသေးပါဘူး။

သူဟာ ကျန်းမာရေးကောင်းလာတာကြောင့် ဆာလောင်မွတ်သိပ်လာပါတယ်။ သူ့မိတ်ဆွေတွေဟာ သူနေတဲ့နေရာက မြက်တွေအားလုံးကို စားသောက်ပစ်တာကြောင့် သူ့အတွက် စားစရာ လုံးဝမရှိတော့ပါဘူး။ သူဟာ နောင်တရလာကာ "ငါ့မိတ်ဆွေတွေသာ ဒီစားကျက်မြေက မြက်တွေအားလုံးကို စားမပစ်ကြဘူးဆိုရင် ငါဟာ ဒါကို စားရပြီး အသက်ရှင်သွားမှာပဲ" လို့ ပြောပြီး ငတ်မွတ်ဆာလောင်မှုကြောင့် သေဆုံးသွားပါတော့တယ်။

❒

*သင်ခန်းစာ။ ။ ဦးနှောက်မရှိမိုက်မဲတဲ့မိတ်ဆွေက ရန်သူတစ်ယောက်ထက် ပိုဆိုးတယ်ဆိုတာကို ဒီပုံပြင်က ပြောပြပါတယ်။*

mgyoe.com